# မိသားစု ထိန်းသိမ်းထားရေး အမိန့်

အချက်အလက်စာရွက်

မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ်၏ ရည်ရွယ်ချက်မှာ ကလေးများနှင့် လူငယ်လူရွယ်များအား အိမ်တွင် လုံခြုံအောင်ထားရှိရန်အတွက် မိသားစုများအား ပြောင်းလဲချက်များကိုလုပ်ရန်အတွက် ကူညီရန်ဖြစ်သည်၊ ထို့ကြောင့် မိသားစုသည် အမြဲတမ်းအားဖြင့် အတူတကွနေထိုင်နိုင်မည်ဖြစ်သည်။

ဤအမိန့်ဖြင့် ကလေး သို့မဟုတ် လူငယ်လူရွယ်သည် ၎င်းတို့၏မိဘများနှင့်အတူ နေထိုင်ပြီး Department of Health and Human Services (ဌာန) မှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း တစ်ဦးက ပုံမှန် လာရောက်ကြည့်ရှုမှုများ ရှိမည်။ မိဘများတွင် ကလေး သို့မဟုတ် လူငယ်လူရွယ် အပေါ် မိဘတာဝန်ဝတ္တရား အပြည့်အဝ ဆက်လက်ရှိနေပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းထံမှ ကာကာစောင့်ရှောက်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းပေးရန်အတွက် အကူအညီကိုလက်ခံရရှိမည့်အပြင် အခြား ဝန်ဆောင်မှု ဌာနများ ထံမှလည်း အကူအညီ ရရှိမည်ဖြစ်သည်။

မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ်တွင် ယေဘုယျအားဖြင့် စည်းကမ်းချက်များ ပါဝင်သည်။ အမိန့်အာဏာတည်နေစဉ်အတောအတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနသည် ကလေး သို့မဟုတ် လူငယ်လူရွယ်၏ စောင့်ရှောက်ရေးကို သူတို့မှာ လုံခြုံကြောင်းနှင့် အမိန့်ပါ စည်းကမ်းချက်များကို လိုက်နာကြောင်း သေချာစေရန် ကြီးကြပ်ပါသည်။

## မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ်မှာ မည်မျှ ကြာရှည်ခံပါသလဲ။

မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ်မှာ သာမန်အားဖြင့် 12 လ အတွက် ဖြစ်ပါသည်၊ သို့သော် အမိန့်မှာ တိုတောင်းသောကာလ ဖြစ်နိုင်သည် သို့မဟုတ် ၎င်းမှာ နှစ်နှစ်အထိ ဖြစ်ကောင်းဖြစ်နိုင်သည်။ အမိန့် သက်တမ်းကုန်ဆုံးမည့်နေ့ရက်သည် အမိန့်တွင် ပါရှိမည်။

အကယ်၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနအနေဖြင့် မိသားစုမှာ အမိန့်ဆီသို့ ဦးတည်ခဲ့သည့် အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ခဲ့ကြောင်း ကျေနပ်လျှင် အမိန့်သည် သတ်မှတ်ထားသည့် သက်တမ်းကုန်ဆုံးရက်တွင် ပြီးပြတ်မည်ဖြစ်ပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဌာနနှင့် Children's Court သည် ပါဝင်ပတ်သက်တော့မည် မဟုတ်ပါ။

အကယ်၍ အမိန့်မှာ 12  အထက် အတွက်ဖြစ်လျှင် ဌာနသည် 12 လ မကုန်ဆုံးမီ အမိန့်ကို ပြန်လည်သုံးသပ်ပါမည်။ အကယ်၍ လူတိုင်းက အမိန့်ကို မလိုအပ် တော့ကြောင်း သဘောတူလျှင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနသည် အမိန့်ကို အဆုံးသတ်ရန် Children's Court သို့ပြန်သွားရန် မလိုအပ်ပဲ စီစဉ်ပါလိမ့်မည်။ အကယ်၍ အမိန့်ပြီးဆုံးချိန်၌ နောက်ထပ် အချိန်လိုအပ်လျှင်၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနသည် အမိန့်ကို အချိန်ထပ်တိုးပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

## မျှော်လင့်ထားချက်များမှာ အဘယ်နည်း။

မိသားစု ထိန်းသိမ်ထားရေး အမိန့် တစ်ရပ်ကို ကလေး သို့မဟုတ် လူငယ်လူရွယ် တစ်ယောက်၏ မိသားစုအတွင်း လုံခြုံရေးကို ထောက်ပံ့ပေးရန်နှင့် စောင့်ကြပ်ကြည့်ရှုရန် အတွက် ချမှတ်ပေးပါသည်။ မိဘများအနေဖြင့် မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ် အရ လုပ်ရန်အရာများအချို့ ရှိပါသည်။ ၎င်းတို့ ပါဝင်သည်မှာ -

- ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းအား လာရောက်ရန် ခွင့်ပြုခြင်းနှင့် ဝန်ထမ်းက စီစဉ်သည့် တွေ့ဆုံပွဲများကို တက်ရောက်ခြင်း
- ကလေး၏ အမှုကိစ္စ အစီအစဉ် အကောင်ထည်ဖော်လုပ်ဆောင်ရာ၌ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနနှင့်အတူ လုပ်ကိုင်ခြင်း
- ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနမှ ထုတ်ပြန်သည့် တရားဝင် လမ်းညွှန်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း
- လိပ်စာ အပြောင်းအလဲတစ်ခုခုကို (7) ရက်အတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနသို့ အကြောင်းကြားပေးခြင်း
- အမိန့်ပါ မည်သည့် စည်းကမ်းချက်များကိုမဆို လိုက်နာခြင်း တို့ဖြစ်သည်။

မိဘများနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းတို့သည် မိသားစု ထိန်းသိမ်းထားရေး အမိန့် ချမှတ်ရေးသို့ ဦးတည်ခဲ့သည့် ပြဿနာများကို ဖြေရှင်းရန် အတွက် အတူတကွ အစီအစဉ်များ ရေးဆွဲရန်ဖြစ်ကြောင်း အရေးကြီးပါသည်။

ကလေးကြီးများသည် မိမိတို့၏ အနာဂတ်နှင့် စည်းကမ်းချက်များနှင့်ကိုက်ညီအောင်လုပ်ရန် အတွက် အစီစဉ်များ ရေးဆွဲရာ၌ ပိုမို၍ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင် ကြပါသည်။ မိဘများနှင့် ဝန်ထမ်းတို့၏ အထောက်အပံ့နှင့် အားပေးတိုက်တွန်းမှုသည် လူငယ်လူရွယ်အတွက် ဤတာဝန်ကိုယူရန် အရေးကြီးပါလိမ့်မည်။

VICTORIA State Government | Health and Human Services

## ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် ဘာကိုလုပ်ပါသလဲ။

ဝန်ထမ်းသည် မိဘများနှင့် အမိန့်ချမှတ်ရေးဆီသို့ ဦးတည်ခဲ့သည့် ပြဿနာများကို ဆွေးနွေးမည်ဖြစ်ပြီး အမှုကိစ္စ အစီအစဉ်ကို ပြင်ဆင်ရန် ၎င်းတို့နှင့်အတူ လုပ်ကိုင်မည်၊ မန်နေဂျာအား အစီအစဉ်ကိုအတည်ပြုနိုင်မည် ၎င်းအပြင် အစီအစဉ်အား အကောင်ထည်ဖော်ဆောင်ရွက်မည်။

အမှုကိစ္စ အစီအစဉ်ကို မကြာခဏ ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ဤသို့လုပ်ရာ၌ မိဘများ ပါဝင်ပါလိမ့်မည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနသည် အဆိုပါ မိဘအား ကလေးကို လုံခြုံအောင် ထားရှိရန်နှင့် အမှုကိစ္စ အစီအစဉ်၏ ရည်ရွယ်ချက်များကို အောင်မြင်အောင်လုပ်ရန် ထောက်ပံ့ပေးပါလိမ့်မည်။

## မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ်ကို ချိုးဖောက်နိုင်ပါသလဲ။

အကယ်၍ အောက်ပါကိစ္စများတွင် မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ်ကို ချိုးဖောက်ကြောင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဌာနအနေဖြင့် Children's Court သို့လျှောက်ထားကောင်း လျှောက်ထားနိုင်သည်-

- အမိန့်ရှိ စည်းကမ်းချက်များကို မလိုက်နာလျှင်
- မိဘများ၊ ကလေး သို့မဟုတ် လူငယ်လူရွယ်သည် တရားဝင် လမ်းညွှန်မှုကို မလိုက်နာခဲ့လျှင်
- ကလေး သို့မဟုတ် လူငယ်လူရွယ်၏ နေရေးထိုင်ရေး အခြေအနေများမှာ သူတို့၏ လုံခြုံရေးနှင့် သာယာဝပြောရေး လိုအပ်ချက်များနှင့် မကိုက်ညီလျှင် တို့ဖြစ်သည်။

အဆိုပါကိစ္စမှာ Children's Court သို့ ဆုံးဖြတ်ချက် အတွက် လျင်မြန်စွာ သွားရပါမည်။ အချို့အခြေအနေများတွင် ကလေးတစ်ယောက်သည် ကြားနာမှု တစ်ရပ်ကို စီစဉ်ပေးသည့်အချိန်တိုင်အောင် အရေးပေါ် စောင့်ရှောက်မှုဌာနတွင် ထားရှိခံရကောင်း ခံရနိုင်သည်။

Children's Court တွင် ဘာဖြစ်မည်မှာ မိသားစု ထိန်းသိမ်းထားရေး အမိန့် မချမီက Children's Court သို့ သင် ပထမဦးဆုံးအကြိမ် ဝင်ရောက်ခဲ့စဉ်ကနှင့် ဆင်တူရိုးမှား ဖြစ်ပါလိမ့်မည်။

## မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ်ကို ဖျက်သိမ်း (ပယ်ဖျက်) သို့မဟုတ် ပြောင်း (ပြောင်းလဲ) နိုင်ပါသလား။

မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ် အာဏာတည်စဉ် မည်သည့် အချိန်တွင်မဆို မိဘ၊ ကလေး သို့မဟုတ် လူငယ်လူရွယ် တစ်ဦး သို့မဟုတ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း တစ်ဦးသည် အခြေအနေမှာ ပြောင်းလဲခဲ့ကြောင်းနှင့် အမိန့်မှာ ကလေး သို့မဟုတ် လူငယ်လူရွယ်၏ လုံခြုံရေးနှင့် သာယာဝပြောရေးကိုသေချာစေရန် လိုအပ်တော့မည် မဟုတ်ကြောင်း ယုံကြည်ကောင်း ယုံကြည်နိုင်သည်။ ဤလူများအနက် မည်သူမဆိုသည် တရားရုံးတော်သို့ အဆိုပါ အမိန့်ကို ဖျက်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

၎င်းအပြင် အမိန့် အာဏာတည်စဉ်အတွင်း မိဘ၊ ကလေး သို့မဟုတ် လူငယ်လူရွယ် တစ်ဦး သို့မဟုတ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း တစ်ဦးသည် တရားရုံးတော်သို့ အမိန့် သို့မဟုတ် စည်းကမ်းချက်များကို ပြောင်းလဲပေးရန် လျှောက်ထားနိုင်သည်။

## မိသားစု ထိန်းသိမ်းထားရေး အမိန့် တစ်ရပ် အပေါ် အယူခံဝင်နိုင်ပါသလား။

မိဘ၊ ကလေး သို့မဟုတ် လူငယ်လူရွယ် တစ်ဦးသည် မိသားစု ထိန်းသိမ်းထားရေး အမိန့်တစ်ရပ် ချမှတ်ခြင်းအပေါ် အကယ်၍ Children's Court ၏ ဆုံးဖြတ်ချက်မှာ မမှန်ကန်ဟု သူတို့အနေဖြင့် ထင်မြင်လျှင် အယူခံဝင်ကောင်း ဝင်နိုင်ပါသည်။ အယူခံကို အမိန့်ချမှတ်ပြီး တစ်လ အတွင်း အယူခံဝင်ရမည်။ အယူခံ လျှောက်လွှာပုံစံများကို Children's Court, Magistrate's Court သို့မဟုတ် County Court တို့မှ ရရှိနိုင်ပါသည်။

## မိဘများနှင့် ကလေးများသည် မည်သည့်နေရာမှ ဥပဒေ အကြံဉာဏ်ကို ရရှိနိုင်ပါသလဲ။

ဥပဒေဆိုင်ရာ အကူအညီနှင့်ပတ်သက်၍ စုံစမ်းမှုများကို အောက်ပါတို့ထံ လုပ်နိုင်ပါသည်-

- တရားရုံးတွင် ၎င်းတို့အား ကိုယ်စားပြုပေးမည့် ရှေ့နေ
- ဒေသတွင်းရှိ ရှေ့နေတစ်ဦး (Yellow Pages ရှိ 'Solicitors' အောက်၌ ဖော်ပြထားသည်)
- Victoria Legal Aid, မဲလ်ဘုန်း ဖုန်းနံပါတ် 1300 792 387
- Law Institute of Victoria, ဖုန်းနံပါတ် (03) 9607 9311
- Victorian Aboriginal Legal Service Co-op Ltd, ဖုန်းနံပါတ် 1800 064 865
- Aboriginal Family Violence Prevention & Legal Service Victoria, ဖုန်းနံပါတ် 1800 105 303
- ဒေသတွင်း လူမှုအသိုင်းအဝိုင်း ဥပဒေဆိုင်ရာ ဝန်ဆောင်မှု

## ဆက်သွယ်ရမည့်သူ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ အမည်- ______________________________

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်- ______________________________

ဒေသတွင်း Department of Health and Human Services ရုံးအား ဆက်သွယ်ရမည့် ဖုန်းနံပါတ်- ______________________________

ပိုမိုသော အချက်အလက်များအတွက် သင့်ဒေသတွင်းရှိ Department of Health and Human Services ရုံးကို ဆက်သွယ်ပါ။

ဤထုတ်ဝေစာစောင်ကို မသန်မစွမ်းဖြစ်မှုရှိသူများအတွက် ရရှိနိုင်သောပုံစံဖြင့် လက်ခံရယူရန် အီးမေးလ်- cpmanual@dhhs.vic.gov.au ကိုပို့ပါ။

အမှတ် 1 Treasury Place, Melbourne တွင်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်အစိုးရမှ ခွင့်ပြုပြီးထုတ်ဝေသည်။

© ဗစ်တိုးရီးယားပြည်နယ်၊ 2016 ခုနှစ် ဇွန်လ

ဝက်ဘ်ဆိုက် www.dhs.vic.gov.au တွင်ရရှိနိုင်ပါသည်။